# ဝိသုဒ္ဓိမဂ်လေ့ကျင့်ခန်းမေးခွန်း အမှတ် (၁၁) သမ္မာသမ္ဗုဒ္ဓဂုဏ်တော်မှ ဘဂဝါဂုဏ်တော်အထိ

ဆရာတော်ဦးသြသဓ (ဓမ္မာနန္ဒဝိဟာရ) ၏ ဝိသုဒ္ဓိမဂ်သင်တန်း လေ့ကျင့်ခန်းမေးခွန်း အမှတ် (၁၁) သမ္မာသမ္ဗုဒ္ဓဂုဏ်တော်မှ ဘဂဝါဂုဏ်တော်အထိ

1. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   ဝိဇ္ဇာဉာဏ်ထူးနှင့် ပြည့်စုံခြင်းသည် ဘုရားရှင်၏ သဗ္ဗညုတဉာဏ်တော်ကို ပြည့်စုံစေပြီး, အကျင့်စရဏနှင့် ပြည့်စုံခြင်းသည် မဟာကရုဏာဉာဏ်တော်ကို ပြည့်စုံစေ၏။

   ◯ မှန်သည်

   ◯ မှားသည်

2. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   မနောမယိဒ္ဓိဉာဏ်ဟူသည် သူတပါးစိတ်ကို သိနိုင်သောဉာဏ်ကို ဆိုလိုသည်။

   ◯ မှန်သည်

   ◯ မှားသည်

3. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

   သူ့အသက် သတ်ခြင်း, နှိပ်စက်ခြင်း, သူ့ဥစ္စာ မတရားလုယူခြင်းစသော လုပ်ရပ်မျိုးသည် သူတပါးတို့ကို ပူပန်စိုးရိမ်ထိတ်လန့်စေတတ်သော ပရန္တပ-အကျင့်ဟု ခေါ်၏။

   ◯ မှန်သည်

   ◯ မှားသည်

4. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

"သုဂတ-ကောင်းစွာ သွားတော်မူ၏"ဟူသည် သဿတနှင့် ဉစ္ဆေဒ, ကာမသုခနှင့် အတ္တကိလမထ ဟူသော အစွန်း ၂-ပါးသို့ မကပ်ငြိပဲ သွားတော်မူခြင်းကို ဆိုသည်။

- ◯ မှန်သည်
- ◯ မှားသည်

5. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

ဘုရားရှင်က ရှင်ဒေဝဒတ်ကို "ငရဲကျမည့်သူ" ပြောဆိုခြင်းမျိုးသည် စကား ၆-ခွန်း၌ 'ဟုတ်မှန်, ကျိုးရှိ, သူတပါး လည်း နှစ်သက်သော စကား'မျိုးတွင် ပါဝင်သည်။

- ◯ မှန်သည်
- ◯ မှားသည်

6. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

လောကဝိဒူ၌ သတ္တဝါတို့၏ ပညာဉာဏ် အနု-အရင့်ကို သိတော်မူခြင်းသည် သင်္ခါရလောကကို သိခြင်းမည်၏။

- ◯ မှန်သည်
- ◯ မှားသည်

7. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

"အနုတ္တရ-အတုမရှိ"ဟု ဆိုသော်လည်း ပြိုင်ဘက်ကင်းသော ရှေးဘုရားတို့နှင့်ကား တူတော်မူသေး၏။

○ မှန်သည်

○ မှားသည်

8. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

"သတ္တာဒေဝမနုဿာနံ- နတ်လူတို့၏ ဆရာ"ဟုသာ ဆိုထားသောကြောင့် တိရစ္ဆာန်တို့အတွက်ကား အားထားရာ ဆရာတစ်ဆူ မဖြစ်ပေ။

○ မှန်သည်

○ မှားသည်

9. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

သမ္မာသမ္ဗုဒ္ဓဂုဏ်ဖြင့် မြတ်စွာဘုရား၏ ပဋိဝေဓဉာဏ်စွမ်းကို ပြပြီး, ဗုဒ္ဓဂုဏ်တော်ဖြင့် ဒေသနာဉာဏ်စွမ်းကို ပြသည်။

○ မှန်သည်

○ မှားသည်

10. အောက်ပါတို့ကို အမှားအမှန်ရွေးပါ။ (1 point)

အဝိဇ္ဇာကို ထွေးအန်တော်မူပြီးသောကြောင့်လည်း ဘဂဝါ မည်တော်မူ၏။

○ မှန်သည်

○ မှားသည်

11. အောက်ပါတို့၌ မှန်ရာတစ်ခုကိုသာ ရွေးချယ်ခဲ့ပါ။ (1 point)

သမ္မာသမ္ဗုဒ္ဓ-ဟူသည် -

○ အလုံးစုံသိခြင်း

○ မဖေါက်မပြန် မှန်စွာသိခြင်း

○ ကိုယ်တိုင် သိခြင်း

○ အထက်ပါအားလုံး ဖြစ်သည်။

12. အောက်ပါတို့၌ မှန်ရာတစ်ခုကိုသာ ရွေးချယ်ခဲ့ပါ။ (1 point)

စရဏ တရားသည် -

○ ၄-ပါး

○ ၇-ပါး

○ ၁၅-ပါး- ရှိ၏။

13. အောက်ပါတို့၌ မှန်ရာတစ်ခုကိုသာ ရွေးချယ်ခဲ့ပါ။ (1 point)

သုဂတ-ကောင်းသောအရပ်သို့ ကြွသွားတော်မူခြင်းဟူသည် -

○ သူတော်ကောင်း ရှိရာအရပ်...

○ ဘေးကင်းလုံခြုံရာ အရပ်...

○ သေခြင်းကင်းရာ နိဗ္ဗာန်ဟူသော အရပ်... ကို ဆိုလိုသည်။

14. အောက်ပါတို့၌ မှန်ရာတစ်ခုကိုသာ ရွေးချယ်ခဲ့ပါ။ (1 point)

လောကဝိဒူ- အလုံးစုံသော လောကကို သိခြင်းဟူသည် -

○ သစ္စာလေးပါးကို သိခြင်း

○ ဩကာသ, သတ္တ, သင်္ခါရဟူသော လောကသုံးပါးကို သိခြင်း

○ အထက်ပါ ၂-မျိုးလုံး မှန်သည်။

15. အောက်ပါတို့၌ မှန်ရာတစ်ခုကိုသာ ရွေးချယ်ခဲ့ပါ။ (1 point)

"ပုရိသဒမ္မသာရထိ-ဆုံးမထိုက်သော သတ္တဝါတို့ကို ဆုံးမသည်" ဟူရာဝယ်
မြတ်စွာဘုရားသည် -

- ◯ အနုနည်းဖြင့်-
- ◯ အကြမ်းနည်းဖြင့်-
- ◯ အနု,အကြမ်းနည်း ၂-မျိုးလုံးဖြင့်-
- ◯ အထက်ပါ နည်းအားလုံး ပါဝင်သည်။

16. အောက်ပါတို့တွင် မှားသောအရာကို ရွေးပါ။ (1 point)

သတ္ထာဒေဝမနုဿာနံ-၌ သတ္ထာ-ဆရာဟူသည်

- ◯ ၁။ မျက်မှောက်,တမလွန် အကျိုးရဖို့ သင်ပြဆုံးမပေးတတ်သော ဆရာ
- ◯ ၂။ စီးပွားချမ်းသာရေး တရားများကို သင်ပြပေးတတ်သော ဆရာ
- ◯ ၃။ သံသရာခရီးခဲမှ ကျော်လွန်အောင် လှည်းမှူးကြီးကဲ့သို့ ထုတ်ဆောင်ကယ်တင်တတ်သော ဆရာ

17. မြတ်စွာဘုရား၏ ဘဂဝါ-ဟူသော အမည်တော်သည်- (1 point)

- ◯ ၁။ အခိုက်အတန့်ကို စွဲ၍ဖြစ်သော အာဝတ္ထိက အမည်မျိုး
- ◯ ၂။ အသွင်ကိုစွဲ၍ဖြစ်သော လိင်္ဂိက အမည်မျိုး
- ◯ ၃။ ဂုဏ်ကို အစွဲပြု၍ဖြစ်သော နေမိတ္တိက အမည်မျိုး
- ◯ ၄။ အကြောင်းမဲ့ ခေါ် ရုံမျှပေးထားသော အဓိစ္စသမုပ္ပန္န အမည်မျိုး... ဖြစ်သည်။

18. ဘုန်းတော် ၆-ပါးတွင် မပါသော ပုဒ်ကို ရွေးထုတ်ပါ။ (1 point)

- ◯ ၁။ ဣဿရိယဘုန်းတော်

○ ၂။ ဓမ္မဘုန်းတော်

○ ၃။ ကရုဏာဘုန်းတော်

○ ၄။ သိရီဘုန်းတော်

○ ၅။ ယသဘုန်းတော်

○ ၆။ ကာမဘုန်းတော်

19. အောက်ပါ စကားမျိုး၌ ဘုရားပြောသော စကား ၁-ခွန်းကို ရွေးပြပါ။ (1 point)

○ ၁။ ဟုတ်မှန်၏, အကျိုးတော့ မရှိ, သို့သော် အများကား နှစ်သက်သော စကားမျိုး။

○ ၂။ ဟုတ်မှန်၏, အကျိုးလဲ ရှိ၏, အများလဲ နှစ်သက်သော စကားမျိုး။

○ ၃။ ဟုတ်မှန်၏, အကျိုးကား မရှိ, အများလဲ မနှစ်သက်သော စကားမျိုး။

20. အောက်ပါတို့ကို မှန်ကန်အောင် တွဲစပ်ပေးပါ။ (8 points)

| | |
|---|---|
| ____ က။ အဏိမာ | 1. ၁။ အမျိုးမျိုးအထွေထွေ ဖန်ဆင်းရာ၌ အလိုအတိုင်း နိုင်နင်းခြင်း။ |
| ____ ခ။ လဃိမာ | 2. ၂။ အလိုအတိုင်း ဖြစ်ခြင်းဟူသော အစိုးရခြင်း။ |
| ____ ဂ။ မဟိမာ | 3. ၃။ လိုရာအရပ်သို့ တခဏတွင်း ရောက်နိုင်ခြင်း ။ |
| ____ ဃ။ ပတ္တိ | 4. ၄။ ကိုယ်တော်ကို ကြီးမားအောင် ဖန်ဆင်းခြင်း။ |
| ____ င။ ပါကမ္မ | 5. ၅။ တစ်စုံတစ်ခု လုပ်နေစဉ်တွင် ချက်ချင်း အဆုံးသတ်နိုင်, ရပ်နိုင်ခြင်း။ |
| ____ စ။ ဤသိတာ | 6. ၆။ ကောင်းကင်၌ ခြေဖြင့်သွားနိုင်သည်အထိ ပေါ့ပါးအောင် ဖန်ဆင်းခြင်း။ |
| ____ ဆ။ ဝသိတာ | 7. ၇။ ရုပ်ကို အဏုမြူသဖွယ် သေးငယ်အောင် ဖန်ဆင်းခြင်း။ |
| ____ ဇ။ ယတ္ထကာမာဝသာယိတာ | 8. ၈။ ပုံစံမျိုးစုံကို အလိုရှိရာခဏ၌ ပြီးစီးစေနိုင်ခြင်း။ |